

ဘာသာပြန်စာရေးဆရာ – May Phyo

# ကမ္ဘာပျက်ကပ်တွင်

# အဆိပ်ပြင်းသော မားမားနှင့် မွန်းစတားဘေဘီ

(ရှောင်ချင်း)

(Chapter 16 - 30)

(တစဥ် – ၂)

# အပိုင်း (၁၆)
## အသက်ရှင်ကျန်ရစ်သူ။

"ဘာလို့ ဒီလောက်ချွေးထွက်နေတာလဲ? ကြောက်နေတာလား? " ကုပန်ပန် ထိုမိန်းမကို စစ်ဆေးကြည့်တယ်။ ဒဏ်ရာမရှိတာတွေ့မှ ထိုဖျော့တော့နေတဲ့မိန်းမ မျက်နှာပေါ် က ချွေးများ သု တ်ပြီး "ငါ အရမ်းကြောက်သွားတာ! အဲဒွန်ဘီက ခုန်ထွက်လာတာ ငါ့သူ့အစာဖြစ်လုနီးပါးပဲ"

"အရာအားလုံးနဲ့ ယှဉ်ရင် ရှင် ဒဏ်ရာမရသရွေ့ သေချာပေါက် အဆင်ပြေတယ် " ကုပန်ပန် ထိုမိန်းမရဲ့ ပခုံးကိုပုတ်လိုက်တယ်။ ထိုမိန်းမ ပြုံးပြပေမဲ့ သူ့မျက်နှာ ပိုပိုဖြူဆုတ်လာတယ်။

"ထွက်သွား.. ရှင့် ဘာလို့ အဲမှာ ရပ်နေတာလဲ?" ထို မိန်းမ သူ့ယောကျာ်းကို စိုက်ကြည့်ပြီး "ထွက်သွား..ထွက်သွား..ထွက်သွား"

"မင်းရဲ့ စိတ်ဝိဉာဏ်ထဲ အထိ ကြောက်သွားတာလား?" ထိုယောကျာ်း

ရယ်ရင်း ထိုမိန်းမ အနောက်ကလိုက်လာတယ်။ ထိုအချိန် အားတု လမ်းရှင်းပေးတယ်။ မြေကြီးဒြပ်စင် စွမ်းအားရှင်ဖြစ်လို့ ကာကွယ်မှုမြင့်တယ် ဒီတာဝန်က သူနဲ့အသင့်တော်ဆုံးပဲ။

ထိုအချိန် လူတိုင်း ဝင်ရောက်ချိန်လိုမျိုး သတိကပ်ထားကြတယ်။ တခြား ဇွန်ဘီမတွေ့ပေမဲ့ မြေပြင်ပေါ် အရိုးများတွေ့ရတယ်။ ကြည့်ရတာ လူအနည်းငယ်သေထားပုံပဲ။

"စားနပ်ရိက္ခာတွေအများကြီးပဲ" ကုပန်ပန် စပါးကျီကိုရှုးကြောင်ကြောင်စိုက်ကြည့်တယ်။ ရိက္ခာတွေ အများကြီး ရှိလိမ့်မယ်လို့ မမျှော်လင့်ထားဘူး။ ဒီကွဲပြားတဲ့ဇွန်ဘီ ရှိနေတဲ့နေရာဖြစ်လို့ တခြားသူများ ရိက္ခာများ လာမသယ်ကြဘူး။

တခြားသူတွေလည်း စပါးကျီထဲ လာကြည့်တယ်။ မျှော်လင့်ထားတဲ့ အတိုင်း တခြားသူယူထားတဲ့အရိပ်အယောင်မမြင်ဘူး။ ကြည့်ရတာ ဒီအရိုး တွေက အရင်စုံစမ်းရေးအဖွဲ့ရဲ့အရိုးတွေဖြစ်ပုံရတယ်။ .

"စပါးကျီ ကို လုယူဖို့ လာတဲ့လူမှန်သမျှ ဒီကွဲပြားတဲ့ ဇွန်ဘီ သတ်ပလိုက် တာနေမယ်။ ရိက္ခာ အများကြီးရှိတာ ဆိုတော့ သေးငယ်တဲ့အချိုးကျ အစားအသောက်တွေ ဂရုမစိုက်တော့ပဲ ဒီကိုပဲလာကြတာနေမယ်။ ကွဲပြား တဲ့ ဇွန်ဘီ နည်းနည်း သာ ရှိရင် ငါတို့တော့ သွားပြီပဲ. အခုတော့ ငါတို့ အကျိုးအမြတ်ရလိုက်တယ် " ကုပန်ပန် အလွန်စိတ်လှုပ်ရှားစွာပြောတယ်.

အားတုလည်း ကုပန်ပန် စကားကို သဘောတူတယ်။ " အဲလိုဖြစ်ခဲ့တာနေ မယ်! ငါတို့ ကံအရမ်းကောင်းလွန်းတယ်။ တဝက်ကို ပေးလိုက်ရင်တောင် ငါတို့မှာအများကြီးကျန်သေးတယ်!"

"ကားမြန်မြန် သွားယူ။မဟုတ်ရင် ငါတို့ ဒီလောက်အများကြီး ဘယ်လို သယ်မလဲ?" ရှောင်ချင်း တည်တည်ငြိမ်ငြိမ်နဲ့ပြောလိုက်တယ်။ ပြောရရင် သူတို့ သားအမိနှစ်ယောက် ဒီအစားအသောက်တွေ လိုချင်မနေဘူး။

"ငါ သွားယူလိုက်မယ်။ "ကုချွင် နဲ့အတူ ရန်ဟန်ချင်းလည်း လိုက်သွားကြ တယ်

လူတိုင်း စပါးကျီအထဲ ၌ စောင့်နေကြတယ်။ ငယ်ရွယ်တဲ့ လင်မယား

အသား တချို့ကို ထုတ်ယူပြီး အသားစတင်ချက်ပြုတ်တယ်။ .

ချက်ပြုတ်ပြီးသားအသားတအိုးကို တခြားအရာများ ရောနှော တယ်။ ကုချွင်နဲ့ ရန်ဟန်ချင်းတို့ ကားသွားယူစဉ် ကျန်တဲ့သူများ စတင်စားသောက်ကြတယ်။

ပွင့်ပွင့်လင်းလင်းပြောရင် ကုချွင်နဲ့ တခြားသူများ ရှောင်ချင်းနဲ့ ရန်ဟန်ချင်းတို့ တိုက်ခိုက်မှုခွန်အားကို ရှင်းရှင်းလင်းလင်းနားလည်ကြတယ်။ ဒ့ါကြောင့် အခုလို စီစဉ်လိုက်တယ်။

ကုချွင်နဲ့ကုပန်ပန်တို့ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်စိုက်ကြည့်လိုက်ကြပြီး နောက် ကုပန်ပန်ရှေ့ထွက်လာတယ်။

"ချင်းကျဲကျဲ ဒီနေ့ လိုက်လာတော့ ကျဲကျဲရဲ့ စွမ်းဆောင်ရည်တွေကို တခြားသူတွေမြင်ပြီးပါပြီ။ဒ့ါကြောင့် ချင်းကျဲကျဲကို ၂၀ % ခွဲပေးတာ နည်းတယ်လို့ ခံစားရတယ်။ ကျွန်မ အစ်ကိုနဲ့ဆွေးနွေးပြီး နောက်ထဲ ၁၀ % ခွဲပေးဖို့ ဆုံးဖြတ်လိုက်တယ်.."

ကုပန်ပန် စကားမဆုံးခင် လင်မယားစုံတွဲထဲက ယောကျ်ားက ကျယ်လောင်စွာပြောတယ်။ "နေဦး။ သူတို့ကို အပိုခွဲပေးချင်တာ ငါစိတ်မရှိဘူး ဒါပေမဲ့ နောက်ထပ် ၁၀ % က ဘယ်ကရမှာလဲ?"

ကုပန်ပန်မတက်နိုင်ပဲ မျက်ခုံးပင့်သွားတယ်။ အမည်ခံ ခေါင်းဆောင်က ကုချွင်ဆိုပေမဲ့ တိုက်ခိုက်တာတွေ ခွန်အား အရာ၌ ကုချွင်နဲ့ သူမ အမြင့်ဆုံး ဖြစ် တယ်။ထိုယောကျာ်းက စကားက ရှောင်ချင်း ကို မျက်နှာသာမပေးတာ ရှင်းလင်းနေတယ်။

"၁၀% က ကျွန်မတို့မောင်နှမ နှစ်ယောက်ရမဲ့ 40% ထဲက ခွဲ ပေးတာ။ ကျွန်မတို့မောင်နှမ က ၃၀ % ၊ချင်းကျဲကျဲက ၃၀% ၊ နင်တို့ စိတ်ချထား ၊ ငါ တို့ နင်တို့ ရမဲ့20% ကိုမထိဘူး." ကုပန်ပန် မျက်နှာအမူအရာမပျက်ပဲ ပြော လိုက်တယ်။

ထိုသို့ပြောလိုက်မှ ထိုလင်မယားငြိမ်ကျသွားတယ်။ ဆန့်ကျင့်ဘက် အား တုက ကိုးရိုးကားယား ဖြင့် " ဒီလို ဆိုရင် ငါလည်း ငါရမဲ့ဝေစုရဲ့ တစ်ဝက်ကို ရှောင်ချင်း ကို ပေးမယ်။ ရှောင်ချင်း 40% နဲ့ တဝက်ပေးလိုက်ပါ။ ဒါဆိုရင် ငါတို့ နှစ်ပုံခွဲလို့ရတဲ့ဝေစုရဲ့ ၁၀ % ကို ရှောင်ချင်းရဲ့အဖွဲ့ကိုပေးဖို့ လိုတယ်"

"မလိုဘူး။ ငါတို့ အဖွဲ့ထဲဝင်တာမကြာသေးဘူး။ 20% က လုံလောက်တာ ထက်ပိုနေပြီ။"ရှောင်ချင်း ဒီအစားအသောက်ဝေစုကို တကယ်ဂရုမစိုက် ဘူး။ သူမ ခရစ်တယ်တွေပဲ ဂရုစိုက်တယ်။

"အိုကေ။ အရင်ဆုံး စခန်းကို ပြန်စို့။ ပြီးမှ ခွဲဝေမယ်။" ကုပန်ပန် အတိအကျ ပြောလိုက်တယ်။ "ပြန်စို့ "

ထိုအကြံ ကို ဘယ်သူမှငြင်းမပယ်ပဲ ထိုအဖွဲ့ ပစ္စည်းများ ထုပ်ပိုးတင်ကြတယ်။

ညဘက် က ဗွန်ဘီတွေရဲ့ အပိုင်မို့ သာမန်စုံစမ်းတဲ့အဖွဲ့လေး က ညဘက် အထိမနေဘူး။ ခန့်မှန်းလို့မရတဲ့ အန္တရယ်တွေရှိတယ်။ ဒေါ့ အပြင် ရောင်ချင်းနဲ့သူတို့အများကြီးရလိုက်ပြီးထပ်ထွက်ဖို့မလိုသေးဘူး။ ဒေါ့ကြောင့် ထုတ်ပိုးပြီး လမ်းကြောင်းအတိုင်းပြန်လာကြတယ်။

ကားပေါ် ရိက္ခာများဖြည့်လိုက်တော့ ကားက အရင်ကထက်အနည်းငယ် နေးကျသွားတာရာတွေ့ခဲ့တယ်. လမ်းကြောင်းပေါ် ဗွန်ဘီ အချို့ အချိန်နဲ့ အညီ ရှင်းထုတ်နေရလို့မမျှော်လင့်စွာမမှောင်ခင် ပြန်မရောက်နိုင်ကြဘူး။

"အရှေ့မှာအိမ်တလုံးရှိတယ်။ ရှင်းလင်းပြီး တညနေစို့။ မနက်ခင်း စောစော ပြန်ထွက်ကြမယ်။"အားတု အကြံပေးတယ်။ ညဘက်ခရီးထွက်တာအရမ်းအန္တရယ်များတယ်။

"ညအချိန် ဗွန်ဘီ တွေ ပိုလှုပ်ရှားတယ်။ တညနေသင့်တယ် ။ ကျွန်မလည်း သဘောတူတယ်။"

ကုပန်ပန် အားတုရဲ့ စကားကို သဘောတူပြီးနောက် လူတိုင်းလည်း မငြင်းကြပေ။ ဒါနဲ့ အားတု အိမ်တံခါးနားရောက်လာ တယ်။ အိမ်အခြေအနေကောင်းသေးတယ်။

ကျေးလက်၌ အိမ်တံခါး ကို သစ်သား (ဒါမှမဟုတ်) သတ္တုဖြင့်ပြုလုပ်ကြတယ်။ သတ္တုတံခါး လုံလုံခြုံခြုံ တင်းတင်းကျပ်ကျပ်ပိတ်ထားကိုကြည့်ပြီး လုံခြုံ စိတ်ချရပုံပေါ် တယ်။အားတု တံခါးကိုဆီ ဦးတည်လျှောက်လာပြီး တံခါးဖွင့်လိုက်တယ်။

သို့ပေမဲ့ သူတံခါးမဖွင့်ခင် တံခါးပွင့်သွား၏။ အစိမ်းရောင်မျက်ဝန်း နဲ့ အရိုးပေါ် အရေတင် ငတ်ပြတ်နေသည့် လူတစ်ယောက် တံခါးသေးသေးလေး ဖွင့်ဟပြီး "မင်းတို့ ဘယ်သူလဲ?"

***